ပုသိမ်ခရိုင်တရားရုံးတော်၌

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၄၀

ဦးမျိုးမင်းထိုက် နှင့် ဦးအောင်မြင့်(ခ)ငပျော့

( တရားလို ) ( တရားပြိုင် )

တရားလိုအတွက် - ဦးမျိုးဝင်း (တရားလွှတ်တော်ရှေ့နေ)

တရားပြိုင်အတွက် - ဦးခင်မောင်ဦး (တရားလွှတ်တော်ရှေ့နေ)

# စီ ရင် ချက်

ရက်စွဲ။ ၂၀၁၈ခုနှစ် ဇန်နဝါရီလ(၁၅)ရက်

အမှုမှာ တရားလို ဦးမျိုးမင်းထိုက်က တရားပြိုင် ဦးအောင်မြင့်(ခ)ငပျော့ အပေါ်ကုန်ဖိုးငွေ (၁၃၆၅၆၉၀၀) ကျပ် နှင့် ကော်မရှင်ခ ငွေကျပ် (၁၅၀၀၀၀၀) စုစုပေါင်းငွေကျပ်(၁၅၁၅၆၉၀၀/-) ရလိုမှုကို စွဲဆိုခြင်းဖြစ်သည်။

တရားလို၏ဆိုလွှာတွင် တရားလိုသည် မန္တလေးမြို့ ၊ ဖောင်းပြင်စတိုးဆိုင်မှ **SOGO** ကွိုင်ပျောက်မီးဖိုနှင့် (၅)လုံးဆင့်စတီးအိုးများကို တိုက်ရိုက်မှာယူပြီးဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းကိုလုပ်ကိုင်ကြောင်း ၊ တရားပြိုင်သည် လွန်ခဲ့သော (၁)နှစ်ခန့်က တရားလိုဖြန့်ဖြူးရောင်းချသည့် ပစ္စည်းများအား တဆင့်ဖြန့်ဖြူးရောင်းချလိုကြောင်းနှင့် တရားလိုအားကော်မရှင်ခပေးမည်ဟုပြောပြီး ၊ ပဲခူးမြို့သို့ ပစ္စည်းများပို့ပေးရန် ပြောဆို၍ တရားလိုက သဘောတူခဲ့ကြောင်း ၊ တရားလိုသည် မန္တလေးမှ ပစ္စည်းများမှာပြီး ပဲခူးမြို့လမင်းသာကားဂိတ်ကို ပို့ခဲ့ရာ တရားပြိုင်၏တပည့် တင်လှိုင်ထွေး(ခ)အတစ်က ထုတ်ယူပြီး တရားပြိုင်က ဖြန့်ဖြူးရောင်းချ၍ တရားလိုထံ ပစ္စည်းဖိုးနှင့်ကော်မရှင်ခကို တရားပြိုင်က ပေးပို့ခဲ့ကြောင်း၊ မှာယူသည့်(၈)ကြိမ်ထိ ပြေကျေစွာပေးအပ်ခဲ့ပြီး ပစ္စည်းတန်ဖိုး၊ ကားခကို ပေါင်းပြီးမှ ကော်မရှင်ခကိုသတ်မှတ်

ခြင်းဖြစ်ကြောင်း၊ (၂၃-၄-၂၀၁၅) ၊ (၂၈-၄-၂၀၁၅) ၊ (၅-၅-၂၀၁၅) ၊ (၁၀-၅-၂၀၁၅) ၊ (၁၄-၅-၂၀၁၅) ရက်စွဲပါ ပြေစာများဖြင့် ပဲခူးမြို့သို့ ပစ္စည်းများပေးပို့ခဲ့ရာ ပစ္စည်းတန်ဖိုးနှင့်ကားခ စုစုပေါင်းငွေကျပ် (၁၃၆၅၆၉၀၀) ဖြစ်ပြီး ၊ တရားပြိုင်၏ တပည့် တင်လှိုင်ထွေးက ပဲခူးမြို့လမင်းသာဂိတ်တွင် ထုတ်ယူခဲ့ကြောင်း ၊ ထိုပစ္စည်း အားလုံးအတွက် တရားလိုအား ကော်မရှင်ခငွေကျပ် (၁၅၀၀၀၀၀)ပေးရန် တရားပြိုင် ကသဘောတူခဲ့ကြောင်း၊တရားပြိုင်သည် ပစ္စည်းများထုတ်ယူပြီး(၁-လ)ကြာသော် လည်း ပစ္စည်းတန်ဖိုးနှင့်ကော်မရှင်ခများကို တရားလိုထံ ပေးပို့ခြင်းမရှိဘဲ တိမ်းရှောင် နေ၍ တရားလိုက ၂၀၁၅ခုနှစ် (၁၀)လပိုင်းတွင် တရားပြိုင်၏အိမ် ကို လိုက်သွားခဲ့ရာ တရားပြိုင်၏ ဇနီးနှင့်ပင်တွေ့ရကြောင်း၊ (၂၀-၂-၂၀၁၆) ရက်နေ့ တွင်တရားလို သည် ဇနီးဒေါ်မွန်မွန်အောင်၊ဦးအောင်ကျော်ဆန်းဦး ၊ ချောချောယုမွန်၊ကိုဘိုဘိုကြီးတို့နှင့် အတူ တရားပြိုင်၏ရွာကို လိုက်သွားရာ တရားပြိုင်ကိုတွေ့ခဲ့ရပြီး ပစ္စည်းဖိုးနှင့် ကော်မရှင်ခငွေကျပ် (၁၅၁၅၆၉၀၀) အားတောင်းခံရာ တရားပြိုင်က ပစ္စည်းထပ်ချ ပေးပါ၊ သီတင်းကျွတ်လျှင် ပြန်ဆပ်ပါမည်ဟုပြောသော်လည်း တရားလိုက လက်မခံ နိုင်၍ ဤအမှုအားစွဲဆိုခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

တရားပြိုင်၏ချေလွှာတွင် တရားလိုသည် အညာစောင်ရောင်းချသူဖြစ် ကြောင်း ၊ တရားလိုက တရားပြိုင်အား sogo ကွိုင်ပျောက်မီးဖိုနှင့် ငါးလုံးဆင့်စတီး အိုးများကို တရုတ်ပြည်က မှာပေးမယ်၊ အတိုးအနေနှင့် မီးဖိုတစ်လုံးနှင့်စတီးအိုးတစ် စုံစာကို (၂၀၀၀)ကျပ်ပေးရမည်ဟု လာရောက်စပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တင်လှိုင်ထွေး မှာ တရားပြိုင်၏တပည့်လည်းမဟုတ်ဘဲ ပစ္စည်းထုတ်ယူခြင်းလည်း မရှိကြောင်း ၊ ကုန်ကားမှ တရားပြိုင်၏ညီမ မတင်ရီထံချပေးခဲ့ခြင်းဖြစ်ပြီး ၊ ရောင်းရငွေနှင့် အတိုး ငွေကို တရားပြိုင်မှတရားလိုထံပို့ပေးခဲ့ကြောင်း၊လာစပ်ချိန်က ကားခမပေးရဘူးဟု ပြောသော်လည်း ငွေတွက်တောင်းရာတွင် ကားခပါတွက်တောင်း၍ ပေးခဲ့ရကြောင်း၊

ပစ္စည်းတစ်စုံပေါ်တွင် ပေးရငွေမှာ ကော်မရှင်ခမဟုတ်ဘဲ အတိုးငွေဖြစ်၍ တရားပြိုင်ဘက်ကနောက်ပိုင်းမမှာတော့ကြောင်း ၊ ဆိုလွှာပါ ဖော်ပြထားသည့် စာရင်းများသည် တရားလိုက ဝယ်ယူသည့်ပစ္စည်းများသာဖြစ်ပြီး တရားပြိုင်ထံပေးပို့သည့် ပစ္စည်းများမဟုတ်ကြောင်း ၊ တရားပြိုင်က ရောင်းရသော ပစ္စည်းဖိုးနှင့်အတိုးငွေများအားလုံးပေးပြီးဖြစ်၍ ပေးရန်မကျန်ကြောင်း၊ တရားလိုနှင့်တရားပြိုင်သည် အကြွေးရှင်းပြီးဖြစ်၍ အဆက်အသွယ်မရှိဘဲ ရှောင်လည်းမရှောင်ခဲ့ကြောင်း၊ တရားပြိုင်အိမ်သို့လာရောက်ခြင်းလည်းမရှိ၊ ဤအမှုအား တရားစွဲဆိုရန်အကြောင်းလည်းမရှိသဖြင့် ဆိုလွှာအားစရိတ်နှင့်တကွ ပလပ်ပေးပါရန် ထုချေဖော်ပြထားသည်။

နှစ်ဖက်အဆိုအချေများအရ အောက်ပါရုံးငြင်းချက်များထုတ်နှုတ်ခဲ့သည်။

ငြင်းချက်(၁)။ ။ တရားလိုသည် တရားပြိုင်ထံမှ ကုန်ဖိုးငွေကျပ် (၁၃၆၅၆၉၀၀) နှင့်ကော်မရှင်ခငွေကျပ် (၁၅၀၀၀၀၀) စုစုပေါင်းငွေကျပ် (၁၅၁၅၆၉၀၀) တိတိကို ရရန်ရှိသည်ဆိုသည်မှာ မှန်သလား။

ငြင်းချက်(၂)။ ။ ကော်မရှင်ခငွေဆိုသည်မှာ အတိုးငွေသာဖြစ်ပြီး တရားပြိုင်သည် တရားလိုအား အကြွေးနှင့်အတိုးအားလုံးပေးပြီးဖြစ်၍ ပေးရန်မရှိဆိုသည်မှာ မှန်သလား။

ငြင်းချက်(၃)။ ။ တရားလိုသည် မည်သည့်သက်သာခွင့်ကိုရထိုက်ပါသနည်း။

အမှုတွင် နှစ်ဖက်အဆိုအချေများအရ တရားပြိုင်ဘက်မှ စတင်စစ်ဆေးရန်ဆုံးဖြတ်လျက် နှစ်ဖက်သက်သေခံချက်များရယူခဲ့ခြင်းဖြစ်သည်။

ငြင်းချက်(၁)

တရားပြိုင်ဦးအောင်မြင့်(ခ)ငပျော့ က ၎င်းသည် ကုန်စိမ်းရောင်းသည့်အလုပ်ကို လုပ်ပြီး၊ တရားလိုသည် စောင်နှင့်ကော်ဇောအရောင်းအဝယ်လုပ်ငန်း

လုပ်ကိုင်ကြောင်း ၊၄င်းက မျိုးမင်းထိုက်ကို sogo ကွိုင်ပျောက်မီးဖိုနှင့်ငါးလုံးဆင့် စတီးဒယ်အိုးများရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုကြောင်းပြောပြသည့်အခါ တရားလိုက ဈေးသက်သာအောင် တရုတ်ပြည်ကမှာပေးမယ်ဟုပြောကြောင်း၊ မျိုးမင်းထိုက်က sogo ကွိုင်ပျောက်မီးဖိုတစ်စုံတန်ဖိုးမှာ (၁၉၀၀၀) ကျပ် ကျပြီး တစ်ဆယ်အတိုးနှုန်းဖြင့် ပစ္စည်းတစ်စုံအပေါ် (၂၀၀၀) ကျပ် ပေးရမည်ပြော၍ ပစ္စည်း မှာယူခဲ့ကြောင်း ၊ ၄င်းက သဘောတူ၍ (၄-၁-၂၀၁၅) ရက်နေ့တွင် ၄င်း၏ အမည်ဖြင့် ပစ္စည်းစပို့ခဲ့ကြောင်း၊ ပဲခူးမြို့ဘုရားကြီးလမ်းသန်းကြွယ်(သရီး)လဘက်ရည်ဆိုင် အနား သို့ ပို့ခိုင်းပြီး ၊ ထိုနေရာမှ ပစ္စည်းလက်ခံ၍ လှည့်လည်ရောင်းချခြင်းဖြစ်ကြောင်း၊ ၄င်းအမည်နှင့်ကုန်ကားဖြင့် ပစ္စည်းပို့ရာ ဘောက်ချာပါလာပြီး တန်ဆာခကို ကုန်ကား သို့ ၄င်းက ရှင်းရကြောင်း၊တစ်လကုန်သည့်အခါပစ္စည်းတန်ဖိုးနှင့်အတိုးငွေကို တရားလို နေထိုင်ရာ ပုသိမ်မြို့ မီးရထားဘူတာရုံအနီးမီးရထားရဲစခန်းရှေ့တွင်ရှိသည့် တရားလို ၏ အိမ်သို့သွားပေးရကြောင်း၊ တရားလိုက တန်ဆာခထပ်တောင်းရာ ၄င်းကပေးပြီး ကြောင်းပြောသည့်အခါ မန္တလေးနှင့်တရုတ်ပြည်တန်ဆာခကို တောင်းခြင်းဟု ပြော ကြောင်း ၊ ငွေသွားပေးသည့်အခါ ၄င်းမှအဖော်ခေါ်သွားကြောင်း ၊ပဲခူးမှ ၄င်းထံ ငွေလွှဲပေးသူမှာ ညီမ မရီရီတင်ဖြစ်ပြီးပဲခူးမှ ပုသိမ်သို့ငွေလွှဲပြီး၄င်းက တရားလိုထံ သွားပေးခြင်းဖြစ်ကြောင်း ၊ တစ်ခါတစ်ရံ ပဲခူးမှ မန္တလေးရောက်နေသည့် တရားလို၏ ဇနီး မွန်မွန်အောင်အမည်ဖြင့် ငွေလွှဲပေးရတာလည်းရှိကြောင်း၊ (၇)လခန့်အကြာ နောက်ပိုင်း ပစ္စည်းဈေးနှုန်းများသည် ပြင်ပပေါက်ဈေးထက်ပိုကြီးနေ၍ မေးသည့်အခါ တရုတ်ယမ်းဈေးတက်၍ဟုပြောပြီး ၃ / ၄ ခါ ထိုသို့ကြုံရသဖြင့် ရောင်းချ၍ အဆင် မပြေတော့ကြောင်း၊ သို့ဖြစ်၍ တရားလိုထံမှ မှာယူထားသောပစ္စည်းဖိုးငွေအားလုံး နှင့်အတိုးငွေကို တရားလိုထံပေးဆပ်ပြီး လုပ်ငန်းရပ်နားခဲ့ကြောင်း၊ နောက်ပိုင်း အဆက်အသွယ်မရှိတော့ကြောင်း ၊ တရားလိုကလွှဲခိုင်း၍ မစုမြတ်ထွေးထံလွှဲပေး

ခဲ့သည့် ငွေလွှဲပြေစာလက်ခံငှင်း၌ရှိကြောင်း ၊ ၎င်းထံပဲခူးမှ ငွေလွှဲပေးသည့် ပြေစာများ ၊ ၎င်းက မွန်မွန်အောင်သို့ငွေလွှဲခဲ့သည့် ပြေစာများ၊ ဒေါ်မွန်မွန်အောင် အမည်ဖြင့် ဦးအောင်ကျော်ကျော်ထံ ငွေလွှဲပေးသည့်ပြေစာများ၎င်းထံ၌ရှိ၍ သက်သေခံ(၁) မှ (၁၂)ထိ တင်ပြပါကြောင်း ထွက်ဆိုအစစ်ခံပြီး ၊ပြိုင်ပြ(၁)တရားပြိုင်၏ ညီမ မရီရီတင်က ထောက်ခံထွက်ဆိုသည်။

တရားလို ဦးမျိုးမင်းထိုက်က ၎င်းသည် စောင်၊ ကော်ဇော ၊ sogo ကွိုင်ပျောက်မီးဖို ၊ ငါးလုံးဆင့် စတီးအိုးများကို ရောင်းချကြောင်း ၊ မီးဖိုနှင့်စတီးအိုးများကို မန္တလေးမြို့ ဖောင်းပြင်စတိုးမှ မှာယူရောင်းချခြင်းဖြစ်ကြောင်း ၊ ဦးအောင်မြင့်က ကွိုင်ပျောက်မီးဖိုနှင့်စတီးအိုးများ ဖြန့်ဖြူးရောင်းချလို၍ ပဲခူးမြို့ကိုပို့ပေးပါ ကော်မရှင်ခပေးမည်ဟုပြောသဖြင့် သဘောတူကာ ဖောင်းပြင်စတိုးမှ မှာပြီး ပဲခူးမြို့ လမင်းသာဂိတ်ကို ပို့ပေးခဲ့ကြောင်း ၊ပဲခူးတွင် ဦးအောင်မြင့်၏ တပည့်တင်လှိုင်ထွေး (ခ)အတစ်ကထုတ်ယူပြီး ဖြန့်ဖြူးရောင်းချကြောင်း ၊ ကားခအပါအဝင် ပစ္စည်း တစ်စုံတန်ဖိုးပေါ်တွင် ကော်မရှင်ခ (၂၀၀၀) ကျပ်ပေးမည်ဟုသဘောတူ ခဲ့ကြောင်း ၊ မှာယူပေးသည့်ပစ္စည်း (၈)ကြိမ်ရောင်းချရာတွင် ဦးအောင်မြင့်က အပြေအကြေ ပေးဆပ်ခဲ့သော်လည်း ယခုတရားစွဲဆိုသည့် ပစ္စည်းတန်ဖိုးနှင့်ကော်မရှင်ခကို ဦးအောင်မြင့်က လုံးဝပေးဆပ်ခဲ့ခြင်းမရှိတော့ကြောင်း ၊ မန္တလေးမြို့ ဖောင်းပြင်စတိုးမှ (၂၃-၄-၂၀၁၅) ရက်စွဲပါ ပြေစာဖြင့် sogo လက်ဟောင်းအလုံး(၁၅၀) ၊ဈေးနှုန်း (၁၁၅၀၀) ကျပ်ဖြင့် တန်ဖိုးငွေ(၁၇၂၅၀၀၀)ကျပ် ၊ ငါးလုံးကြီးအလုံး(၃၀၀) တစ်လုံးလျှင် ရှစ်ထောင့်တစ်ရာ ကျပ်နှုန်းဖြင့်တန်ဖိုးငွေ (၂၄၃၀၀၀၀)ကျပ် ၊ ကားခ(၂) ခေါက် သုံးသောင်းကျပ် ၊ စုစုပေါင်း (၄၁၈၅၀၀၀) ကျပ်ကိုလည်းကောင်း၊ (၂၈-၄-၂၀၁၅) ရက်စွဲပါ ပြေစာဖြင့် မစ်ဆူရှီတာမီးဖို(၁၂)လုံး(၈)ဖာ၊ တစ်ဖာလျှင်တစ်သောင်း တစ်ထောင်ကျပ်ဖြင့် တန်ဖိုးငွေ(၁၀၅၆၀၀၀)ကျပ် ၊ကားခငါးထောင့်ခြောက်ရာ၊

စုစုပေါင်းငွေ (၁၀၆၁၆၀၀)ကိုလည်းကောင်း၊(၅-၅-၂၀၁၅)ရက်စွဲပါ ပြေစာဖြင့် (၅)လုံးအိုးကြီး အလုံး(၁၀၀)တစ်လုံးလျှင်ရှစ်ထောင့်နှစ်ရာကျပ်နှုန်းဖြင့် တန်ဖိုးငွေ (၈၂၀၀၀၀)ကျပ် **sogo** ဒီဂျစ်တယ်အလုံး(၁၀၀)တစ်စုံလျှင် ဈေးနှုန်းတစ်သောင်း တစ်ထောင်ကျပ် နှုန်းဖြင့်တန်ဖိုးငွေ(၁၁၀၀၀၀၀)၊ကားခ တစ်သောင်းငါးထောင် ၊ စုစုပေါင်း (၁၉၃၅၀၀၀)ကျပ်ကိုလည်းကောင်း ၊ (၁၁-၅-၂၀၁၅) ရက်စွဲပါ ပြေစာဖြင့် **sogo** ဒီဂျစ်တယ်မီးဖို (၅၄)လုံး ၊ တစ်လုံးလျှင် တစ်သောင်းတစ်ထောင်ကျပ် နှုန်းဖြင့် တန်ဖိုးငွေ(၅၉၄၀၀၀) ကျပ် ၊ ကားခ(၆၃၀၀) ၊ စုစုပေါင်းတန်ဖိုး (၆၀၀၃၀၀)ကျပ်ကို လည်းကောင်း ၊ (၁၄-၅-၂၀၁၅)ရက်စွဲပါ ပြေစာဖြင့် **sogo** လက်ဟောင်းမီးဖို တစ်ဖာ လျှင်(၆)လုံးပါဖာ(၅၀)၊ဈေးနှုန်းတစ်သောင်းနှစ်ထောင့်ငါးရာကျပ်ဖြင့် တန်ဖိုးငွေ (၃၇၅၀၀၀၀) ကျပ် ၊ငါးလုံးအိုးလတ် ပီတီတံဆိပ်ဖြင့် တစ်ဖာလျှင် အလုံး(၃၀)ပါ (၁၀)ဖာဈေးနှုန်းတစ်လုံးလျှင် ခုနှစ်ထောင်ကျပ်နှုန်းဖြင့် တန်ဖိုးငွေ (၂၄၀၀၀၀၀)ကျပ် ၊ကားခ(၂၅၀၀၀)ကျပ် စုစုပေါင်းတန်ဖိုး (၅၈၇၅၀၀၀)ကျပ်ဖြင့်လည်းကောင်း ပေးပို့ ခဲ့ရာစုစုပေါင်းတန်ဖိုးငွေ (၁၃၆၅၆၉၀၀)ကျပ်ဖြစ်ကြောင်း၊ ထိုပစ္စည်းများကို အောင်မြင့် ၏တပည့်တင်လှိုင်ထွေး (ခ)အတစ်မှ ပဲခူးမြို့ရှိ လမင်းသာဂိတ်တွင် ထုတ်ယူသွားခဲ့ ကြောင်း ၊စုစုပေါင်း အစုံ(၇၀၀)ထုတ်ယူခဲ့ခြင်းဖြစ်၍ ကိုအောင်မြင့် ကော်မရှင်ခ ငွေကျပ်(၁၅၀၀၀၀၀)ပေးရန်သဘောတူခဲ့ပြီး၊ (၂၈-၅-၂၀၁၅)ရက်နေ့တွင် ပစ္စည်း ဖိုးနှင့်ကော်မရှင်ခများ အပြေအကြေပေးမည်ဟု ဦးအောင်မြင့်က ကတိပေးခဲ့ကြောင်း ၊နောက်ပိုင်းပေးဆပ်ခြင်းမရှိဘဲ လက်ကိုင်ဖုန်းကိုစက်ပိတ်ထား၍ ပဲခူးမြို့ကို လိုက်သွားရာ ကိုအောင်မြင့်ကိုမတွေ့ကြောင်း၊ပုသိမ်မြို့စမ်းကြီးကုန်းရွာသို့ လိုက်သွား ရာကိုအောင်မြင့်၏ဇနီးကိုပင်တွေ့ခဲ့ရကြောင်း၊နောက်ပိုင်း ကိုအောင်မြင့်အား သွားတွေ့ ရာ ကိုအောင်မြင့်က အခုပေးစရာမရှိဘူး ၊ အသားလှီးယူမှရမယ်၊ ပစ္စည်းဆက်ချပေးပါ သီးတင်းကျွတ်ရင်ပြန်ဆပ်မည်ဟုပြောရာ ၄င်းကလက်မခံဘဲ တရားစွဲခဲ့ခြင်း ဖြစ်ကြောင်း၊ ကိုအောင်မြင့်က ၄င်း၏ဇနီးကို လွှဲပေးခဲ့သည့် ငွေကျပ်သိန်း(၅၀)မှာ

ယခင်ပြုလုပ်ခဲ့သည့်(၈)ကြိမ်အတွင်းက ပစ္စည်းတန်ဖိုးများဖြစ်ကြောင်း၊ယခု တရားစွဲဆိုသည့် ပစ္စည်းများနှင့်ပတ်သက်သည့် ကုန်ပို့ပြေစာမူရင်းများနှင့် ကုန်လက်ခံပြေစာမူရင်းများအား သက်သေခံ(က)မှ(ည)ထိတင်ပြပါကြောင်း၊ ကုန်ပို့လွှာမူရင်းများ ၎င်း၏လက်ဝယ်၌ရှိနေခြင်းမှာ ဖောင်းပြင်စတိုးအား ၎င်းက ငွေလက်ငင်းပေးချေရသည့်အတွက် ၎င်းလက်ဝယ်၌ရှိနေခြင်း ဖြစ်ကြောင်းထွက်ဆိုသည်။

လိုပြ(၁) အောင်ကျော်ကျော် ၊ လိုပြ(၂) ချောယုယုမွန် ၊လိုပြ(၃) အောင်စည်သူ ၊ လိုပြ(၄) ဘိုဘိုကြီး တို့က တရားလို၏ ထွက်ဆိုချက်များအား ထောက်ခံထွက်ဆိုသည်။

နှစ်ဖက်အဆိုအချေများနှင့်ထွက်ဆိုချက်များအပေါ် သုံးသပ်ချက်အရ တရားလိုနှင့်တရားပြိုင်တို့သည် **soga** ကွိုင်ပျောက်မီးဖိုနှင့်စတီးအိုးများကို အရောင်းအဝယ်ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း ၊ အငြင်းပွားခြင်းမရှိပေ။ ထိုသို့ အရောင်းအဝယ်ပြုကြရာတွင် တရားလိုက မန္တလေးမြို့ (ဖောင်းပြင်)စတိုးမှ ပဲခူးမြို့သို့ ပစ္စည်းမှာယူပေးပြီး ၊ တရားပြိုင်က ပဲခူးမြို့လမင်းသာဂိတ်မှ ပစ္စည်းများရွေးယူကာ တဆင့်ပြန်လည်ရောင်းချခဲ့ခြင်းဖြစ်သည်။ တရားလိုမှ ပို့ပေးသည့် ပစ္စည်းများကို တရားပြိုင်က ရယူပြီးနောက် တဆင့်ပြန်လည်ရောင်းချပြီးမှ ရောင်းဖိုးငွေကိုပြန်လည် ပေးချေသည့် စနစ်ဖြင့် ငွေပေးငွေယူပြုလုပ်ခဲ့ကြခြင်းဖြစ်ပြီး တရားလိုနှင့်တရားပြိုင် တို့ကြားတွင် ရန်ငြိုးရန်စမရှိကြောင်း တွေ့ရသည် ။

မန္တလေးဖောင်းပြင်စတိုးမှ ပဲခူးမြို့သို့ ပစ္စည်းပို့ရာတွင် ဖောင်းပြင်စတိုးအနေဖြင့် မျိုးမင်းထိုက်ကိုသာသိရှိသောကြောင့် တရားလိုမျိုးမင်းထိုက်အမည်ဖြင့် ပစ္စည်းပို့ပေးခဲ့ခြင်းဖြစ်ကြောင်း ၊ တရားလိုက အဆိုပြုခဲ့ပြီး တရားပြိုင်ဘက်က ဦးအောင်မြင့်အမည်ဖြင့် ပစ္စည်းပို့ခြင်းဖြစ်ကြောင်း ထုချေခဲ့သည်။ သို့ဖြစ်၍ တရားပြိုင်အနေဖြင့် တရားလိုနှင့်ပစ္စည်းကြိုပေး၍ နောက်မှငွေချေသည့်စနစ်ဖြင့် အရောင်း

အဝယ်ပြုကြရာတွင် ဦးအောင်မြင့် အမည်ဖြင့်သာ ကုန်ပို့ပေးခြင်းဖြစ်သည်ဆိုသော ထုချေချက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ သက်သေပြရန် တာဝန်ရှိသော်လည်း တရားပြိုင်အမည်ဖြင့် ကုန်ပို့ခဲ့သည့်အထောက်အထား တင်ပြနိုင်ခြင်းမရှိ၍ တရားပြိုင်သည် ၎င်း၏ထုချေချက်အပေါ်သက်သေပြရန်တာဝန် ကျေပွန်ခြင်း မရှိသည်ကိုတွေ့ရသည်။ဖောင်းပြင်စတိုးသည် မျိုးမင်းထိုက်ကိုသာသိရှိသူဖြစ်၍ မျိုးမင်းထိုက်အမည်ဖြင့် ပစ္စည်းပို့ခဲ့ခြင်းဖြစ်ကြောင်း၊တရားလို၏တင်ပြချက်သည် လုပ်ငန်းသဘောသဘာဝအရ ယုတ္တိတန်သောအဆိုပြုချက်ဖြစ်သည်ဟု ဦးစွာ သုံးသပ်ပါသည်။

ထိုသို့ ပို့အပ်ခဲ့သောပစ္စည်းများကို ပဲခူးမြို့တွင် တရားပြိုင်၏တပည့်အရင်း တင်လှိုင်ထွေး(ခ) အတစ်က ကားဂိတ်တွင် ထုတ်ယူခဲ့ကြောင်း ၊ ထိုသို့ ထုတ်ယူပြီးသည့်အခါကားဂိတ်မှ ကုန်လက်ခံပြေစာများကို မျိုးမင်းထိုက်ကပြန်လည်လက်ခံရရှိကြောင်း ၊ ကုန်ပို့ပြေစာများအားငွေရှင်းရန် အတွက် ဖောင်းပြင်စတိုးမှ မျိုးမင်းထိုက်ကလက်ခံရရှိခဲ့ကြောင်း၊တရားလိုဘက်မှ အဆိုပြု၍ သက်သေခံ(က) မှ (ည) ထိ ပြေစာများတင်ပြခဲ့သည်။

တရားပြိုင်ဦးအောင်မြင့်(ခ)ငပျော့က ချေလွှာအပိုဒ်(၃)တွင် တင်လှိုင်ထွေးမှာ တရားပြိုင်၏တပည့်လည်းမဟုတ်၊ ထုတ်ယူခြင်းလည်းမရှိကြောင်း ထုချေဖော်ပြခဲ့ပြီး ရုံးရှေ့ထွက်ဆိုရာတွင်လည်း တင်လှိုင်ထွေးမှာ ၎င်း၏တပည့် မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။သို့သော် ပဲခူးမြို့၌ ပစ္စည်းများရောင်းချရသည့်ငွေများကို ပုသိမ်မြို့ရှိ တရားပြိုင်ထံသို့ ငွေပြန်လွှဲသည့်အခါ (၃-၄-၂၀၁၅) ရက်စွဲငွေလွှဲ ပြေစာ (သက်သေခံ-၃)အရ တင်လှိုင်ထွေးက တရားပြိုင်ထံ ငွေကျပ်(၂၂)သိန်းလွှဲပေးထားသည်ကိုသုံးသပ်ခြင်းဖြင့် တင်လှိုင်ထွေးသည် တရားပြိုင်၏ တပည့်ဖြစ်သည်ဆိုခြင်းမှာလက်ခံနိုင်ဖွယ်ရာရှိပြီး တရားလိုနှင့်တရားပြိုင်တို့အကြား အရောင်းအဝယ်ပြု

လုပ်ရာတွင် တင်လှိုင်ထွေးသည်ပါဝင်ခဲ့သူဖြစ်ကြောင်း ပေါ်ပေါက်နေပေသည်။ ထို့ကြောင့် တရားလိုမှ ပဲခူးမြို့သို့ ပို့ခဲ့သည့် ပစ္စည်းများကို တရားပြိုင်၏တပည့် တင်လှိုင်ထွေးက ရွေးယူခဲ့ကြောင်း၊ တရားလို၏အဆိုပြုချက်သည် လက်ခံနိုင်ဖွယ်ရာ ရှိကြောင်း သုံးသပ်သည်။ အကယ်၍ တရားပြိုင်အနေဖြင့် ကုန်ရောင်း ကုန်ဝယ် ပြုလုပ်ခဲ့သည့်ပစ္စည်းများကို တင်လှိုင်ထွေးက ပါဝင်ဆောင်ရွက်ခဲ့ခြင်းမရှိသည်မှာ မှန်ပါက တင်လှိုင်ထွေးအားသက်သေတင်ပြရန် တာဝန်ရှိပါလျက် တင်ပြခဲ့ခြင်းမရှိ ပေရာ သက်သေခံဥပဒေပုဒ်မ ၁၁၄ ဥပမာ (ဆ)အရ ၎င်း၏အကျိုးထိခိုက်မည်ကို စိုးရိမ်သောကြောင့် သက်သေအဖြစ်မတင်ပြခြင်းသာ ဖြစ်နိုင်ကြောင်း ၊ ဥပဒေအရ ကောက်ယူရန်သာဖြစ်သည် ။

အထက်ပါသုံးသပ်တွေ့ရှိချက်များအရ တရားလိုအမည်ဖြင့် ဖောင်းပြင် စတိုး (မန္တလေးမြို့)မှ ပေးပို့ခဲ့သောကုန်ပစ္စည်းများကို တရားပြိုင်ဘက်မှ ပဲခူးမြို့ ၊ (လမင်းသာ)ဂိတ်တွင်ရွေးယူ၍ တဆင့်ပြန်လည်ရောင်းချပြီးမှ ငွေချေသည့် စနစ်ဖြင့် တရားလိုနှင့်တရားပြိုင်တို့သည် ကုန်ပစ္စည်းအရောင်းအဝယ်ပြုလုပ်ခဲ့ကြ ခြင်းဖြစ်သည် ဆိုသော တရားလိုဘက် အဆိုပြုချက်များသည်လက်ခံနိုင်ဖွယ်ရာ ရှိကြောင်း သုံးသပ် သည်။

တရားပြိုင်ဦးအောင်မြင့်(ခ)ငပျော့က ၎င်းတို့ကြားတွင်ပြုလုပ်ခဲ့သော အရောင်းအဝယ်နှင့်ပတ်သက်၍ ပေးပို့ခဲ့သောပစ္စည်းများအပေါ် ရှင်းလင်းပြီး ဖြစ်၍ ကုန်ဘိုးကြွေးကျန်မရှိကြောင်း တင်ပြခဲ့သော်လည်း မည်သည့်ခုနှစ်၊နေ့ရက်က ရပ်နားခဲ့ကြောင်း ကြာပြီဖြစ်၍ မမှတ်မိတော့ပါဟု ထွက်ဆိုထားပေရာ ၎င်း၏ ထုချေချက်သည် ယုတ္တိမတန်ကြောင်း မြင်သာသည်။ တရားပြိုင်ဘက်မှ ငွေလွှဲပို့ခဲ့ သည်ဆိုသော ပြေစာများအားသုံးသပ်ပါက သက်သေခံ(၁)မှ(၁၂)တွင် တရားလို ၏ ဇနီးဒေါ်မွန်မွန်အောင်အမည်ဖြင့်ပို့ခဲ့သည့်ပြေစာတစ်စောင် (သက်သေခံ-၁၀)

နှင့် ဒေါ်မွန်မွန်အောင်ကပို့ခိုင်း၍ ပို့ပေးခဲ့ရသည်ဆိုသော ပြေစာနှစ်စောင် (သက်သေခံ-၁ နှင့် ၁၂ )တို့သာ ဒေါ်မွန်မွန်အောင်နှင့်သက်ဆိုင်ပြီး ကျန်ပြေစာ (၉)စောင်မှာ ဦးအောင်မြင့်သို့ ငွေလွှဲထားသောပြေစာများဖြစ်ကြောင်း တွေ့ရသည်။ ၎င်းပြေစာ(၉)စောင်ပါငွေများကို တရားပြိုင်က တရားလိုထံပြန်လည် ပေးဆပ်ခဲ့ခြင်းရှိမရှိ ကိုတရားပြိုင်ဘက်မှ သက်သေတင်ပြထားခြင်းမရှိပေ ။

အဆိုပါ ပြေစာ(၁၂)စောင်အားသုံးသပ်ပါက ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ မတ်၊ ဧပြီ၊ မေ၊ ဇွန် လအတွင်းပို့ခဲ့သော ငွေလွှဲပြေစာများဖြစ်သည်။ သက်သေခံ(၁) ပြေစာအရ တရားလိုနှင့်တရားပြိုင်သည် ၂၀၁၃ခုနှစ် (၅)လပိုင်းခန့်ကတည်းက လုပ်ငန်းဆောင်ရွက်ခဲ့သည်သဘောမျိုးပေါ်ပေါက်နေသည်။ တရားလိုဘက်မှ (၂၃-၄-၂၀၁၅)၊ (၂၈-၄-၂၀၁၅)၊ (၅-၅-၂၀၁၅)၊ (၁၁-၅-၂၀၁၅)၊ (၁၄-၅-၂၀၁၅) ရက်စွဲပါ ကုန်ပို့ပြေစာများအရ ယခုအမှုအားစွဲဆိုရခြင်းဖြစ်သည်ဟု အဆိုပြုထားပြီး တရားပြိုင်၏ သက်သေခံ(၄)နှင့်(၈) တင်ပြချက်အရ ၂၀၁၅ ခုနှစ်၊ ဇွန်လထိ ငွေကြေး ဆက်ဆံမှုရှိခဲ့ကြောင်း၊ ပေါ်ပေါက်ပေရာ တရားလိုနှင့်တရားပြိုင်တို့သည် ပြီးပြတ်မှု မရှိသေးသည့် ငွေကြေးကိစ္စများကျန်ရှိနေသည်မှာ မှန်ကြောင်း သုံးသပ်ထင်မြင်မိပါသည်။ တရားပြိုင်သည် တရားလိုစွဲဆိုသောအမှုတွင် ပေးဆပ်ရန်ငွေမရှိကြောင်း ယခင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအတွက် အားလုံးငွေရှင်းပြီးဖြစ်ကြောင်း၊ ပဲခူးမြို့မှ ၎င်းထံလွှဲပေးသည့်ငွေများကို ၎င်းကထုတ်ယူပြီး တရားလိုကို သွားရှင်းပေးရာတွင် အဖော်ခေါ်သွားကြောင်း ထုချေခဲ့သော်လည်း ငွေပေးရာတွင် လိုက်ပါခဲ့သည့်အဖော် ဆိုသူများအား အမှုတွင်သက်သေတင်ပြခဲ့ခြင်းမရှိပေ။ သို့ဖြစ်၍ တရားလို တရားစွဲဆိုထားသည့် နေ့ရက်များနှင့်ပတ်သက်၍ သက်သေခံ(၄) နှင့် (၈)အရ တရားပြိုင်က လက်ခံရရှိခဲ့သောငွေများကို တရားလိုသို့ပေးအပ်ပြီးဖြစ်ကြောင်း၊ တရားပြိုင်သည် သက်သေခံ ဥပဒေပုဒ်မ ၁၀၂ နှင့်အညီ ခိုင်မာစွာသက်သေတင်ပြနိုင်ခြင်း မရှိကြောင်း သုံးသပ်သည်။

ထို့ကြောင့် တရားလိုသည် တရားပြိုင်ထံမှ ကုန်ဖိုးငွေကျပ် (၁၃၆၅၆၉၀၀)နှင့်ကော်မရှင်ခငွေကျပ် (၁၅၀၀၀၀၀)စုစုပေါင်းငွေကျပ် (၁၅၁၅၆၉၀၀)တိတိကိုရရန်ရှိသည်ဆိုသည်မှာမှန်ကြောင်း ငြင်းချက်(၁)အား ဖြေကြားလိုက်သည်။

ငြင်းချက်(၂)

တရားပြိုင်သည် တရားလိုအား အကြွေးနှင့်အတိုးအားလုံးပေးပြီး ကြောင်း၊ ကော်မရှင်ခဆိုသည်မှာ အတိုးသာဖြစ်ကြောင်း ထုချေချက်နှင့်ပတ်သက်၍ ခိုင်မာသည့် သက်သေတင်ပြနိုင်ခဲ့ခြင်းမရှိသည်ကိုတွေ့ရသည်။

လိုပြသက်သေများအနက် လိုပြ(၄) ဘိုဘိုကြီး(ခ)ဘိုဘိုသည်လွတ်လပ် သက်သေဖြစ်သည်။ ၎င်း၏ ထွက်ဆိုချက်များအားသုံးသပ်ခြင်းဖြင့် ဘိုဘိုကြီး အတူ လိုက်ပါလျက် တရားပြိုင်၏ အိမ်တွင် အကြွေးသွားတောင်းခဲ့ကြသည်ဆိုခြင်းမှာ အထင်အရှားပေါ်ပေါက်နေပြီး တရားပြိုင်က ပစ္စည်းထပ်ချပေးရန် တောင်းဆိုခဲ့ ကြောင်း၊ တရားပြိုင်၏ခြံရောင်းချရန် တရားပြိုင်က ပြင်ဆင်နေတာကြားသည်ဟု တရားလို၏ဇနီးနှင့်တရားပြိုင်တို့ပြောဆိုနေကြတာ ကြားသိခဲ့ရကြောင်း၊ တရားပြိုင် ၏ အိမ်အနေအထား၊ အိမ်တည်နေရာ စသည်တို့ကို တိကျစွာထွက်ဆိုထားပြီး ၎င်း သက်သေ၏ ထွက်ဆိုချက်အား ပျက်ပြယ်သွားအောင် တရားပြိုင်ဘက်မှ ထုချေ ဆောင်ရွက်နိုင်ခဲ့ခြင်းမတွေ့ရပေ။

တရားလိုနှင့်တရားပြိုင်တို့ကြား ကုန်ရောင်း ကုန်ဝယ် (အကြွေး)စနစ်ဖြင့် ပြုလုပ်ကြရာတွင် တရားလိုသည် ဖောင်းပြင်စတိုးမှ တဆင့်မှာယူရောင်းချပေးသူ ဖြစ်၍ ကော်မရှင်ခရယူခြင်းဖြစ်သည်ဆိုခြင်းမှာ လက်ခံနိုင်ဖွယ်ရာရှိသည်။ အကယ်၍ (၁၀%) အတိုးဖြင့်တောင်းယူခြင်းဖြစ်ပါ ဈေးနှုန်းအတက်အကျ ပေါ်လိုက်၍ ငွေများ ကွာခြားသွားနိုင်သော်လည်း ဤအမှုတွင်တရားလိုသည် အစုံ(၇၀၀)အပေါ်

ကော်မရှင်ခကို တိကျစွာညှိနှိုင်း၍ တောင်းခံထားခြင်းဖြစ်ကြောင်း တွေ့ရသည်။ တရားပြိုင်အနေဖြင့် မိမိထုချေလိုသောအချက်အပေါ် ခိုင်မာစွာသက်သေတင်ပြနိုင်ခြင်းမရှိပေရာ " ကော်မရှင်ခငွေဆိုသည်မှာ အတိုးငွေသာဖြစ်ပြီး၊ တရားပြိုင်သည် တရားလိုအား အကြွေးနှင့်အတိုးအားလုံးပေးပြီးဖြစ်၍ ပေးရန်မရှိဆိုသည်မှာ မမှန်ကြောင်း " ငြင်းချက်(၂)အားဖြေကြားလိုက်သည်။

ငြင်းချက်(၃)

ငြင်းချက်(၁)နှင့်(၂) တို့အရ တရားလိုသည် တရားပြိုင်ထံမှ ကုန်ဖိုးငွေကျပ် (၁၃၆၅၆၉၀၀) နှင့်ကော်မရှင်ခငွေကျပ် (၁၅၀၀၀၀၀)စုစုပေါင်းငွေကျပ် (၁၅၁၅၆၉၀၀) အားလက်ရောက်ပြန်လည်ရထိုက်ခွင့်ရှိသည်မှာ မှန်ကြောင်း တရားလိုသည်တောင်းဆိုသောသက်သာခွင့်ကိုရထိုက်ကြောင်း ဖြေကြားလိုက်သည်။

ထို့ကြောင့် တရားပြိုင် ဦးအောင်မြင့်သည် ငွေကျပ် (၁၅၁၅၆၉၀၀ိ/-) အား တရားစရိတ်နှင့်တကွ တရားလိုသို့ပြန်လည်ပေးဆပ်စေရန် တရားလိုအားစရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးလိုက်သည်။

ရှေ့နေခကျပ် (၁၀၀၀၀) သတ်မှတ်သည်။

(လှိုင်လှိုင်ဝေ)
ဒုတိယခရိုင်တရားသူကြီး(၃)
ပုသိမ်ခရိုင်တရားရုံး